# မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ
# ထိန်းသိမ်းရေးဥပဒေ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃ | အခန်း(၂) ရည်ရွယ်ချက်များ | ၃ | ၄ |
| ၄ | အခန်း(၃) ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း | ၄ | ၆ |
| ၅ | အခန်း(၄) ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၆ | ၉ |
| ၆ | အခန်း(၅) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ခြင်း | ၉ | - |
| ၇ | အခန်း(၆) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း | ၉ | ၁၀ |
| ၈ | အခန်း(၇) စစ်ဆေးရေးအဖွဲ့တာဝန်ပေးအပ်ခြင်း | ၁၀ | ၁၁ |
| ၉ | အခန်း(၈) ကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှု အမွေအနှစ်အဆောက်အအုံများ | ၁၁ | ၁၃ |
| ၁၀ | အခန်း(၉) တားမြစ်ချက်များ | ၁၃ | ၁၄ |
| ၁၁ | အခန်း(၁၀) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၅ | - |
| ၁၂ | အခန်း(၁၁) အထွေထွေ | ၁၅ | ၁၆ |

# မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ

(၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄။ )

(၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်)

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ကို ဆောင်ရွက်ရသော ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုဝန်ကြီး တာဝန်ကို ဆောင်ရွက်ရသော ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီးယဉ်ကျေးမှု အမွေအနှစ်များ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(စ) **ခရိုင်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ခရိုင်ယဉ်ကျေးမှု အမွေအနှစ်များ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသောမြို့နယ်ယဉ်ကျေးမှု အမွေအနှစ်များ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲကိုဆိုသည်။

(ဈ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ ရှေးဟောင်း သုတေသန နှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၏ ဝန်ထမ်းအကြီးအမှူး ကို ဆိုသည်။

(ည) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီးကော်မတီက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန် ပေးအပ်ထားသောအဖွဲ့ကို ဆိုသည်။

(ဋ) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့် အနည်းဆုံးလွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀)က တည်ရှိသော ယဉ်ကျေးမှုအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော ယဉ်ကျေးမှုနေရာကို ဆိုသည်။

(ဌ) **ယဉ်ကျေးမှုအထိမ်းအမှတ်အဆောက်အအုံ** ဆိုသည်မှာ ယဉ်ကျေးမှုအထိမ်းအမှတ် အဆောက်အအုံဟု ကော်မတီက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ အနည်းဆုံး နှစ်ပေါင်း(၁၀၀)က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံနှင့် ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်ထု ရေးဆွဲထားသည့် ပန်းချီ၊ သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် လူသားတို့ ခိုအောင်းနေထိုင်ခဲ့သောဂူ၊ ကမ္ဘည်းကျောက်စာ၊ မော်ကွန်း၊ လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံအကြွင်းအကျန်၊ ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါးမုဒ်ဝ၊ ကျုံး၊ ခံတပ်၊ ယင်းတို့၏ အကြွင်းအကျန်များ၊ လူ့အသုံးအဆောင်၊ ဝတ္ထုပစ္စည်းတို့ကို ဆိုသည်။

(ဍ) **ယဉ်ကျေးမှုအမွေအနှစ်နေရာ** ဆိုသည်မှာ ကော်မတီက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ အနည်းဆုံး နှစ်ပေါင်း(၁၀၀)က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်ဟု သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့်မြို့၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သည့်နေရာ၊ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံ တည်ရှိခဲ့သောနေရာ သို့မဟုတ် ကုန်းကို ဆိုသည်။

(ဎ) **ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ်အဆောက်အအုံပရဝဏ်** ဆိုသည်မှာ ယဉ်ကျေးမှု အမွေအနှစ်အထိမ်းအမှတ်အဆောက်အအုံတစ်ခုတွင် ဤဥပဒေအရ သတ်မှတ်သော အဝန်းအဝိုင်းနယ်နိမိတ်ကို ဆိုသည်။

(ဏ) **ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်** ဆိုသည်မှာ ယဉ်ကျေးမှု အမွေအနှစ်အထိမ်းအမှတ်အဆောက်အအုံတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(တ) **ယဉ်ကျေးမှုအမွေအနှစ်နေရာတည်ရှိရာဇုန်** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်နေရာ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(ထ) **ကာကွယ်ထိမ်းသိမ်းထားသောဇုန်** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်မြင်ကွင်း၊ ယဉ်ကျေးမှု အမွေအနှစ် အထိမ်းအမှတ်အဆောက်အအုံနှင့် ယဉ်ကျေးမှုအမွေအနှစ် နေရာများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားရှိရေးအတွက် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(ဒ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ယဉ်ကျေးမှု အမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ယဉ်ကျေးမှုအမွေအနှစ် နေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာ တည်တံ့စေရန်အတွက် နိုင်ငံတော်၏ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ ယဉ်ကျေးမှု အမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်း ပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများအမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏စိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ် ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို သိရှိနားလည်နိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးခြင်းမခံရစေရေးအတွက် အကာအကွယ် ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော် က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ပြည်ထောင်စုအစိုးရ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်

များ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် စာရင်းရယူရန် ကျန်ရှိနေသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ယဉ်ကျေးမှုအမွေအနှစ် အထိမ်း အမှတ်အဆောက်အအုံများအား ကွင်းဆင်းမှတ်တမ်းတင် စာရင်းကောက်ယူ၍ စိစစ်ပြီးနောက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

## အခန်း(၃)

## ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် ကော်မတီကို အနည်းဆုံး(၁၇)ဦးဖြင့် ဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (က) | ဝန်ကြီး | ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပါမောက္ခချုပ် | အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (ဂ) | ကျောင်းအုပ်ကြီး | မန္တလေးအနုပညာအထက်တန်းကျောင်း | အဖွဲ့ဝင် |
| (ဃ) | ကျောင်းအုပ်ကြီး | ပန်းချီ၊ ပန်းပုသင်တန်းကျောင်း | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | တိုင်းဦးစီးမှူး | တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | တိုင်းဦးစီးမှူး | တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဦးစီးမှူး | တိုင်းဒေသကြီးသာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တိုင်းဦးစီးမှူး | တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | တိုင်းဦးစီးမှူး | တိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားလုပ်ငန်း | အဖွဲ့ဝင် |
| (ဌ) | ပါမောက္ခ | ရှေးဟောင်းသုတေသနဌာန၊ မန္တလေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခ | သမိုင်းဌာန၊ မန္တလေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဎ) | ပါမောက္ခ | ရှေးဟောင်းသုတေသနဌာန၊ရတနာပုံတက္ကသိုလ် | အဖွဲ့ဝင် |
| (ဏ) | တိုင်းဦးစီးမှူး | ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ | အဖွဲ့ဝင် |

(တ) တွဲဖက်အတွင်းရေးမှူး မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်

(ထ) တိုင်းဦးစီးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန၊ မန္တလေးဌာနခွဲ အတွင်းရေးမှူး

၅။ အစိုးရအဖွဲ့သည် ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် ခရိုင်ကော်မတီကို အနည်းဆုံး(၉)ဦးဖြင့် ဖွဲ့စည်း ရမည်-

(က) ခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ

(ခ) ခရိုင်ရဲတပ်ဖွဲ့မှူး ခရိုင်ရဲတပ်ဖွဲ့ အဖွဲ့ဝင်

(ဂ) ခရိုင်ဦးစီးမှူး ခရိုင်မြေစာရင်းဦးစီးဌာန အဖွဲ့ဝင်

(ဃ) ခရိုင်အင်ဂျင်နီယာ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့ဝင်

(င) ခရိုင်ဦးစီးမှူး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အဖွဲ့ဝင်

(စ) ခရိုင်သာသနာရေးမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန အဖွဲ့ဝင်

(ဆ) ခရိုင်ဦးစီးမှူး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဖွဲ့ဝင်

(ဇ) ပညာရှင် ရှေးဟောင်းသုတေသန အဖွဲ့ဝင်

(ဈ) ဒေသဇုန်တာဝန်ခံ ခရိုင်ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ အတွင်းရေးမှူး

၇။ ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် မြို့နယ်ကော်မတီကို အနည်းဆုံး(၉)ဦးဖြင့် ဖွဲ့စည်း ရမည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ

(ခ) မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့နယ်ရဲတပ်ဖွဲ့ အဖွဲ့ဝင်

(ဂ) မြို့နယ်ဦးစီးမှူး မြို့နယ်မြေစာရင်းဦးစီးဌာန အဖွဲ့ဝင်

(ဃ) မြို့နယ်အင်ဂျင်နီယာ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဖွဲ့ဝင်

(င) မြို့နယ်ဦးစီးမှူး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အဖွဲ့ဝင်

| | | | |
|---|---|---|---|
| (စ) | မြို့နယ်ဦးစီးမှူး | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | မြို့နယ်ဦးစီးမှူး | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပညာရှင် | ရှေးဟောင်းသုတေသန | အဖွဲ့ဝင် |
| (ဈ) | ဒေသဖုန်ဌာနစိတ် တာဝန်ခံ | ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန၊ မန္တလေးဌာနခွဲ | အတွင်းရေးမှူး |

၈။ ကော်မတီသည် ခရိုင်နှင့် မြို့နယ်ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၉။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံနှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် သတ်မှတ်နိုင်ရန် တင်ပြဆောင်ရွက်ခြင်း၊

(ဂ) ထင်ရှားကျော်ကြားသည့် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ဦးစားပေးထိန်းသိမ်းရမည့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဃ) ကမ္ဘာ့အမွေအနှစ်ဟု သတ်မှတ်သင့်သော ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံနှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ရောက်ရှိသွားသော ယင်းပစ္စည်းများကို ပြန်လည်ရရှိရေးတို့အတွက် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်

များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပညာပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဆ) အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကျောင်းသူ/ကျောင်းသားများအား ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်နေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင်အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ရိပ်သာ၊ တည်းခိုရိပ်သာ၊ အပန်းဖြေစခန်း သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံများ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ နယ်နိမိတ် တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များအား အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်ပါက အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ကော်မတီက တာဝန်ပေးအပ်သည့် ခရိုင် သို့မဟုတ် မြို့နယ်ကော်မတီသည် သက်ဆိုင်ရာ နယ်မြေအတွင်း ကွင်းဆင်းလေ့လာခြင်း၊ မြေတိုင်းတာခြင်း၊ မြေပုံထုတ်ခြင်း၊ မြေရာဇဝင်စုံစမ်းခြင်းနှင့် ဇုန်အမျိုးအစားခွဲခြားခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကော်မတီထံ တင်ပြချက်များကို စိစစ်ပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(ဋ) နယ်မြေဒေသနှင့် စပ်လျဉ်း၍ အဝေးပြေးလမ်းများ၊ ရထားလမ်းဖောက်လုပ်ခြင်း၊ နယ်မြေပေါ်မှဖြတ်ကျော်၍လျှပ်စစ်မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ရေနံပိုက်လိုင်းများသွယ်တန်းခြင်း၊ လေယာဉ်ကွင်းများဖောက်လုပ်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်ခြင်း၊ ကွန်ကရစ်လမ်းများဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဌ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ ခရိုင်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာခရိုင်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံများသတ်မှတ်နိုင်ရေးအတွက် မြို့နယ်ကော်မတီသို့ တာဝန်ပေးခြင်း၊

(ဂ) မြို့နယ်ကော်မတီက တင်ပြလာသော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများကို စိစစ်၍ ကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဃ) မြို့နယ်များအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အငြင်းပွားစရာပေါ်ပေါက်လာပါက လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကျောင်းသူ/ကျောင်းသားများအား ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၁။ မြို့နယ်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံများကို ကွင်းဆင်းစာရင်းကောက်ယူခြင်း၊

(ဂ) မြို့နယ်အတွင်းရှိ ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနမှ စာရင်းကောက်ယူထားသော ယဉ်ကျေးမှုမွေအနှစ်များအား ထိန်းသိမ်းရန်နှင့် ကျန်ရှိသော ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်စိစစ်၍ ခရိုင်ကော်မတီသို့ တင်ပြခြင်း၊

(ဃ) မြို့နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို တန်ဖိုးထား ဂုဏ်ယူတတ်စေရန် လူငယ်များနှင့် အများပြည်သူများအား အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကျောင်းသူ/ကျောင်းသားများအား ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ခရိုင်ကော်မတီက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများသတ်မှတ်ခြင်း

၁၂။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ဇုန်အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်ရေးအတွက် ကြိုတင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ပြီး ပြန်လည်တင်ပြနိုင်ရန် ကော်မတီအား တာဝန်ပေးအပ် နိုင်သည်။

၁၃။ ကော်မတီသည် အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအရ သတ်မှတ်နယ်မြေအတွင်းတွင် အမှတ်အသားကျောက်တိုင် သို့မဟုတ် ထင်ရှားသောအမှတ်အသား တစ်ခုခုကို စိုက်ထူခြင်းနှင့် ကြော်ငြာခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၄။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၂ နှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် လိုအပ်ပါက အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေကို သိမ်းယူ ရေးအတွက်လည်းကောင်း၊ ပုဂ္ဂလိက သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းပိုင်မြေကို သိမ်းယူရေးအတွက် လည်းကောင်း ကော်မတီအား သက်ဆိုင်ရာတို့နှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါက တာဝန် ပေးအပ်နိုင်သည်။

၁၅။ ကော်မတီသည် မြေသိမ်းယူခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

## အခန်း(၆)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း

၁၆။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ယဉ်ကျေးမှုအမွေအနှစ် အထိမ်း အမှတ် အဆောက်အအုံ၏မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း၊ အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့် ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံ မဟုတ်သော အဆောက်အအုံကို ဖျက်သိမ်းစေရေးအတွက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ယဉ်ကျေးမှု အမွေအနှစ်အထိမ်းအမှတ်အဆောက်အအုံကို မူလပုံသဏ္ဌာန်နှင့်မူလလက်ရာပြောင်းလဲ ခြင်း မရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် ယင်းအဖွဲ့အား ညွှန်ကြားနိုင်သည်။

၁၈။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်နိုင်သည်။

၁၉။ ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ် အဆောက်အအုံ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက် ရာတွင် ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၀။ ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်နေရာဟု သတ်မှတ်သည့် နယ်နိမိတ်အတွင်း ယဉ်ကျေးမှုအမွေအနှစ်အား ထိခိုက်စေမည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရဟု တားမြစ် နိုင်သည်။

၂၁။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါကိစ္စများ ဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ်အဆောက်အအုံ တစ်ခု၏ ပရဝဏ် နယ်နိမိတ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ပရဝဏ်အတွင်းတွင် ဖွင့်လှစ်သောဆိုင်များ သို့မဟုတ် လူနေအဆောက်အအုံများက လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်တစ်စုံတစ်ရာကို ထိခိုက်စေနိုင်သော အဆောက်အအုံများဆောက်လုပ်ခြင်းအတွက် ခွင့်ပြုသတ်မှတ်ချက်များနှင့် လိုက်နာရမည့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ် အဆောက်အအုံများအား ထိန်းသိမ်းစောင့်ရှောက်ထားသော ဂေါပကအဖွဲ့ဝင်များ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

## အခန်း(၇)

## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၂၂။ ကော်မတီသည် ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၃။ ကော်မတီက တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဥပဒေအရ လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ်များ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်နေရာနှင့် လွတ်ကင်းခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား အနှောင့်အယှက်ဖြစ်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ် အဆောက်အအုံများ၏ ထည်ဝါခန့်ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် မည်သည့်တူးဖော်ခြင်းမျိုးကိုမဆို ဥပဒေအရ ခွင့်ပြုချက် ရှိ/မရှိ စစ်ဆေးခြင်း၊

(ဇ) ကော်မတီကပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၂၄။ စစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို ကော်မတီသို့ ပြန်လည်တင်ပြရမည်။

## အခန်း(၈)

## ကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ

၂၅။ (က) ကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံကို စောင့်ရှောက်ထိန်းသိမ်းရန် သို့တည်းမဟုတ် မပျက်စီးအောင် စီမံထားရှိရန် လိုအပ်သည် ဟူ၍လည်းကောင်း၊ ပြည်သူ့အကျိုးငှာ စောင့်ရှောက်ထိန်းသိမ်းသင့်သည် သို့တည်းမဟုတ် မပျက်စီးအောင်စီမံထားရှိသင့်သည်ဟူ၍လည်းကောင်း ယူဆလျှင် ကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှု အမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများအဖြစ် ကြေညာရန်၊ အစိုးရအဖွဲ့ထံ အဆိုပြုတင်သွင်းနိုင်သည်၊

(ခ) အစိုးရအဖွဲ့ အဆုံးအဖြတ်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်

အထိမ်းအမှတ်အဆောက်အအုံကို ကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများအဖြစ် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေငြာနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်အခါတိုင်း ထိုအမိန့် ကြော်ငြာစာတစ်စောင်ကို အဆိုပါကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံ၌သော်လည်းကောင်း၊ အဆိုပါကော်မတီက စောင့်ရှာက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံအနီးအနား၌ သော်လည်းကောင်း ထင်ရှားမြင်သာသောနေရာတွင် စွဲကပ်ထားရမည်။ ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်ရက်အတွင်း ကန့်ကွက်လွှာများကို တင်သွင်းနိုင်ကြောင်း ဖော်ပြရမည်။

(ဃ) အဆိုပါ သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့သည် ကန့်ကွက်လွှာများ ရရှိလျှင် ထိုကန့်ကွက်လွှာများကို စိစစ်၍ အမိန့်ကြော်ငြာစာကို အတည်ပြုရမည် သို့တည်းမဟုတ် ပယ်ဖျက်ရမည်၊

(င) ဤပုဒ်မ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်သော ယဉ်ကျေးမှုအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၂၆။ (က) ကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံ၏ပရဝဏ်အတွင်း၌ သို့တည်းမဟုတ် ထိုအဆောက်အအုံ အနီးအနား၌ ကြိုတင်ခွင့်ပြုချက်မရဘဲ အဆောက်အအုံအသစ် ဆောက်လုပ်ခြင်းနှင့် ဆောက်လုပ်ရန် စီမံခြင်းကို ကော်မတီက တားမြစ်နိုင်သည်။

(ခ) ကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံတစ်ခုခုကို ကော်မတီ၏ သဘောတူညီချက်ရရှိမှသာ ပြင်ရမည်၊ သို့တည်းမဟုတ် ပြုပြင်ထားရှိရမည်ဟု ကြေညာနိုင်သည့်အပြင် ထိုသို့ကြေညာ ရခြင်း၏ အကြောင်းအရင်းများကိုလည်း စာဖြင့်ရေးသားဖော်ပြရမည်။

၂၇။ (က) အစိုးရအဖွဲ့သည် ကော်မတီက စောင့်ရှောက်ထိန်းသိမ်းပြုပြင်သော ယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံတစ်ခုခုကို စောင့်ရှောက်ထိန်းသိမ်းရေး သို့တည်းမဟုတ် မပျက်စီးအောင် စီမံထားရှိရေးအတွက် သတ္တုတွင်းတူးဖော်မှု၊ ကျောက်တူးဖော်မှု၊ မြေတူးဖော်မှု၊ ဖောက်ခွဲမှု သို့တည်းမဟုတ် အခြားအလားတူ လုပ်ကိုင်မှုများကို ကန့်သတ်ရန် နည်းဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ထိုယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံ၏ ပတ်ဝန်းကျင်အနီးအနားၖ လေ့လာဉ်ပုံသန်းခြင်းကို စည်းမျဉ်းစည်းကမ်းသတ်မှတ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း(၉)

## တားမြစ်ချက်များ

၂၈။ မည်သူမျှယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် အောက်ပါတစ်ခုခု မပြုလုပ်ရ-

(က) ယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်း အမှိုက်ပုံခြင်း၊ အမှိုက်ပစ်ခြင်း၊

(ခ) တရားမဝင်အဆောက်အအုံဆောက်လုပ်ခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊

(ဂ) အဆောက်အအုံဆောက်လုပ်ရာတွင် အမြင့်ပေ(၃၀)ထက်ပိုသော အဆောက်အအုံဆောက်လုပ်ခြင်း၊ မြေအောက်ထပ် ထည့်သွင်းဆောက်လုပ်ခြင်း၊

(ဃ) အဆောက်အအုံဆောက်လုပ်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် လိုက်လျောညီထွေမှုမရှိသော အပြင်အဆင်နှင့် ဆေးရောင်များသုတ်လိမ်းခြင်း၊

(င) ဒီဂျစ်တယ်နည်းပညာ၊ နီယွန်မီးများ အသုံးပြု၍ ကြော်ငြာခြင်း၊

(စ) ကော်မတီ၏သဘောတူခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်ကြီးများ တပ်ဆင်ခြင်း၊

(ဆ) ယဉ်ကျေးမှုဆိုင်ရာ ရုပ်သွင်ပြင်နှင့် သဘာဝရှုခင်းများကို ထိခိုက်စေနိုင်သော နှစ်တို၊ နှစ်ရှည်သီးနှံပင်စိုက်ပျိုးခြင်း၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ဆက်စပ်နေသော နေရာများတွင် အစိုးရ သို့မဟုတ် ပုဂ္ဂလိကအနေဖြင့်စက်ရုံများ၊ အပန်းဖြေဥယျာဉ်များ တည်ဆောက်ရာတွင် ယဉ်ကျေးမှုဒေသစရိုက်လက္ခဏာများနှင့် လိုက်လျောညီထွေမှုမရှိသော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) မည်သည့်အဖွဲ့အစည်းမဆို ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း သက်ဆိုင်ရာ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မည်သည့်ကိစ္စကိုမျှ ပြုလုပ်ဆောင်ရွက်ခြင်း မရှိစေရ။

၂၉။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ကော်မတီက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် စက်ယန္တရားကြီးများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရ။

၃၀။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အစိုးရအဖွဲ့က ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုလုပ်ရ။

၃၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်နေရာ တည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝန်းခြံနယ်နိမိတ်တိုးချဲ့ခြင်း မပြုရ။

၃၂။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့် စပ်လျဉ်း၍ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝန်းခြံနယ်နိမိတ်တိုးချဲ့ခြင်း မပြုရ။

၃၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ် အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ် သုတေသနဆိုင်ရာ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) လမ်းဖောက်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း/ရေကန်၊ ငါးမွေးမြူရေးကန်တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၃၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ၊

(က) ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံကို ဖျက်ဆီးခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ် အဆောက်အအုံ ရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

## အခန်း(၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သူမဆို ပုဒ်မ ၂၈၊ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသောင်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ် (၃)သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁၊ ၃၂၊ ၃၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၅)နှစ်အထိဖြစ်စေ၊ ငွေဒဏ်(၅)သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ အများဆုံး ထောင်ဒဏ်(၇)နှစ် အထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ်(၅)သိန်းကိုလည်း ချမှတ်နိုင်သည်။

၃၉။ မည်သူမဆို ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝန်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည် ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလ ပုံသဏ္ဌာန်အတိုင်း ပြုလုပ်စေခြင်း။

၄၀။ မည်သူမဆို ပုဒ်မ ၃၈ အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် သက်ဆိုင်သည့် ဥပဒေဖြင့် ထပ်မံတရားစွဲဆိုခြင်းခံရမည်။

## အခန်း(၁၁)

## အထွေထွေ

၄၁။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၄၂။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့် ကော်မတီဝင်များနှင့် ပြည်သူ့ဝန်ထမ်းများကို မည်သည့်ဥပဒေအရမျှ တရားစွဲဆိုခွင့် မရှိစေရ။

၄၃။ ကော်မတီ၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့